**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန**

အမိန့်ကြော်ငြာစာ အမှတ် (၁၁၅/၂၀၂၁)

ရန်ကုန်၊ ၁၃၈၃ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက်

(၂၀၂၁ ခုနှစ်၊ မေလ ၂၉ ရက်)

**မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ ၂၀၁၇ အရ**

**သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေများ ယာယီကင်းလွတ်ခွင့်ပြုခြင်း**

၁။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၆၂ (က) အရ အပ်နှင်းထားသည့် အခွင့် အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ၂၀၂၁ ခုနှစ် ဧပြီလ ၂၇ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၁) ဖြင့် ကုမ္ပဏီများ၏ နှစ်စဉ်အစီရင်ခံစာ တင်သွင်းခြင်း အတွက် နောက်ကျကြေးများ ပေးဆောင်မှုကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဧပြီလ ၃၀ ရက်နေ့အထိ ယာယီကင်းလွတ်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ဤအမိန့်ကြော်ငြာစာဖြင့် ထိုသို့ကင်းလွတ်ခွင့်ပြုခဲ့သည့်ကာလ သက်တမ်း အား အောက်ဖော်ပြပါအချိန်အတိုင်း ထပ်မံတိုးမြှင့်လိုက်သည်-

| **စဉ်** | **ပုံစံအမျိုးအစား** | **ထပ်မံကင်းလွတ်ခွင့်ပြုလိုက်သည့်ကာလ** |
|---|---|---|
| (က) | နှစ်စဉ်အစီရင်ခံစာ (ပုဒ်မ ၉၇) | ၂၀၂၁ ခုနှစ် မေ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ |
| (ခ) | ပြည်ပကော်ပိုရေးရှင်း၏နှစ်စဉ်အစီရင်ခံစာ (ပုဒ်မ ၅၃ (က)(၁)) | |

၂။ ကုမ္ပဏီများအနေဖြင့် နှစ်စဉ်အစီရင်ခံစာများအတွက် ပေးဆောင်ရမည့် သတ်မှတ်အခကြေးငွေများကို အစီရင်ခံစာ တင်သွင်းချိန်တွင် ပေးဆောင်ရမည်ဖြစ်ပြီး နောက်ကျကြေးကိုသာ ကင်းလွတ်ခွင့်ပြုခြင်းဖြစ်ပါသည်။

သန့်စင်လွင်

ညွှန်ကြားရေးမှူးချုပ်

ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ်၊ ၂၂/ ၄၀ / ၀၂ ( ၀၁၀၈ /၂၀၂၁)

ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ မေလ ၂၉ ရက်